# ၂၁/ ၂၀၀၃ နှင့်ပတ်သက်၍ အထွေထွေအတွင်းရေးမှူး၏ ပါတီဝင်များသို့ ရှင်းလင်းညွှန်ကြားချက်

(ဒီဇင်ဘာ၊ ၂၀၀၃)

၁။ **ပြောရေးဆိုခွင့်ရှိသူ၏ ၂၁/ ၂၀၀၃ ထုတ်ပြန်ချက်**သည် စစ်အုပ်စု၏ 'လမ်းပြမြေပုံ' တိုက်ဖျက်ရေးနှင့်ပတ်သက်ပြီး တိုက်ပွဲနည်းပရိယာယ်ကို ပုံကြမ်းတင်ပြခြင်းဖြစ်သည်။ ပြောင်းလဲနေသော အခြေအနေအရ ပြင်ဆင်ဖြည့်စွက်သွားမည်။ ညွှန်ကြားသွားမည်။

အပြောင်းအလဲက မြန်လိမ့်မည်။ 'ဒီပဲယင်း' မတိုင်မီက 'အချိန်ဆွဲ' ပရိယာယ်ကိုသုံးသော်လည်း 'ဒီပဲယင်း' အပြီးတွင် ခပ်မြန်မြန်လုပ်လိမ့်မည်။ 'လမ်းပြမြေပုံ' ဆိုပြီး ကမန်းကတန်း ထလုပ်လာတာကိုကြည့်ပါ။ အမျိုးသားညီလာခံ (NC)၊ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ (Rf)ကို ခပ်မြန်မြန်လုပ်ချင်နေပုံပေါ်သည်။ သူတို့အတွက် အချိန်သိပ်မရှိတော့တာကို သူတို့သိနေ၍ တက်သုတ်နှင်ချင်သည်။

'စေ့စပ်ဆွေးနွေးရေး' လုပ်ဖို့တုန်းက အချိန်ဆွဲပရိယာယ်သုံးသော်လည်း ယခုကိစ္စ (NC) နှင့် (Rf) တွင်ကား ခပ်မြန်မြန်လုပ်ချင်နေသည်။

စစ်အုပ်စု၏ နိုင်ငံရေးလုပ်နည်းမှာ သူတို့တတ်ကျွမ်းထားသော စစ်ရေးပရိယာယ် (D) ၅ လုံးကို အခြေအနေကြည့်ပြီး လုပ်ခြင်းဖြစ်သည်။

– deny (ငြင်းပယ်ပစ်ခြင်း) – ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို ငြင်းပယ်ပစ်ခြင်းမျိုး။

– delay (အချိန်ဆွဲခြင်း) – 'စေ့စပ်ရေး' လုပ်ဖို့ အချိန်ဆွဲခဲ့ပုံမျိုး။ စေ့စပ်ရေးကို ယတိပြတ်ပစ်ပယ်သည်ဟုမပြော။ ဆက်သားလွှတ်စကားပြောတာကို 'စေ့စပ်ရေး' ဟု ပုံဖျက်နေသည်။

– deceive (လှည့်စားခြင်း) – ဥပမာပြစရာများသည်။ ဒီကိစ္စတွင် သူတို့ အကျွမ်းကျင်ဆုံးဖြစ်သည်။ အောက်တန်းကျသော၊ တနပ်စားကြံသော၊ မလိမ့်တပတ်ဆန်သော – သော – သော လုပ်နည်းအားလုံးလုပ်သည်။ NLD နှင့် စေ့စပ်ဆွေးနွေးဖို့ကို ငြင်းနေသည့်အချိန်တွင် အခြားအင်အားစုများနှင့် 'စေ့စပ်ဆွေးနွေး ချင်သည်' ဟု ကမ်းလှမ်းနေသည်။

– disrupt (ရှုပ်ထွေးစေခြင်း၊ ကမောက်ကမဖြစ်စေခြင်း) – ဗကပ အပေါ်လုပ်ခဲ့တာ NLD အပေါ်လုပ်နေတာကိုကြည့်ပါ။

– destroy (ချေမှုန်းပစ်ခြင်း) – ဗကပကို ၁၉၈၉ တုန်းက ချေမှုန်းဖို့ကြိုးစားခဲ့သည်။ မရှိတော့ဘူးဟုပြောခဲ့သည်။ အခုတော့ ရှိနေသည်ဟု ပြောနေပြန်သည်။ NLD ကိုချေမှုန်းဖို့ အကြိမ်ကြိမ်လုပ်ခဲ့သည်။ သူရဦးတင်ဦး၊ ဒေါ်အောင်ဆန်းစုကြည် ကို ထုတ်ပစ်ခိုင်းခဲ့သည်။ အခုတော့ တပိုင်းစီ ဖွဲ့ထုတ်ချင်နေသည်။

စစ်ရေးတွင် D ၅ လုံး ကျင့်သုံးလျှင် ဒါက လုပ်ရိုးလုပ်စဉ်ဖြစ်၍ ကမ္ဘာက၊ ပြည်သူက နားလည်ခွင့်လွှတ်သည်။ နိုင်ငံရေးတွင်ကား ခွင့်မလွှတ်ကြ၊ ရှုတ်ချကြသည်။

နအဖ 'လမ်းပြမြေပုံ' မှ အမှတ် (၁) NC နှင့် အမှတ် (၄) Rf သည် သန်းရွှေ စစ်အုပ်စု၏ မဆုတ်တမ်းခံစစ်စခန်းတောင်ကုန်း(၂) ခု ဖြစ်သည်။ ထိုနေရာတွင် ဝိုင်းပတ်ချေမှုန်းကြရမည်။

NC တွင် သူတို့ ကြံ့ကြံ့ခံနိုင်လျှင် (၂) နဲ့ (၃) ကို ခပ်မြန်မြန်လုပ်ပြီး အမှတ် (၄) ခံစစ်စခန်းအတွက် အားစုလိမ့်မည်။ မိမိတို့က NC စခန်းကို သိမ်းလိုက်နိုင်လျှင်ကား ပွဲပြတ်အနိုင်ရပြီ။ နှစ် ၄၀ တိုက်ပွဲတွင် လူထုအနိုင်ရပြီ။

ထို့ကြောင့် NC တောင်ကုန်းကိုသိမ်းဖို့အားတွေ စိတ်ရှည်ရှည်စုစည်းရမည်။ ၂၁/ ၂၀၀၃ တွင်တင်ပြသည်မှာ ငုပ်လျှိုးနေသော အားမှန်သမျှကို စုစည်းဖို့ဖြစ်သည်။ အဝေးမှ အမြောက်နှင့်ထုတာချည်းလုပ်နေလို့ မရ။ အနီးကပ် လုံ့စွပ်ထိုးတိုက်ပွဲဝင်ရမည်။ လေးဘက် လေးတန်မှ ဝိုင်းဝန်းချေမှုန်းရမည်။

၂။ **စိတ်ကူးယဉ်ခြင်းသည်ဆန္ဒစွဲဖြစ်သည်** မိမိတို့ပါတီ ဆန္ဒစွဲအမှားမှားခဲ့မိပါသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြခဲ့ပါသည်။ ယခုခေါင်းဆောင် နေသူများ ဆန္ဒစွဲမဖြစ်စေလို၍ စေတနာကောင်းဖြင့်တင်ပြခြင်းဖြစ်သည်။ သင်ခန်းစာယူစရာအဖြစ် တင်ပြခြင်းသာဖြစ်သည်။

နိုင်ငံတကာ့ဖိအား၊ နိုင်ငံတကာ့အကူအညီကို ထိုက်သင့်သည်ထက်ပိုပြီး နေရာပေးမိလျှင် ဆန္ဒစွဲဖြစ်တတ်ကြောင်း တင်ပြခြင်း ဖြစ်သည်။ ပိုမိုရှင်းလင်းစေရန် တင်ပြပါဦးမည်။

၁၉၆၂ တွင် နေဝင်းစစ်အုပ်စု အာဏာသိမ်းသည်။ အတုအယောင် ဆိုရှယ်လစ်အလံထူပြီးသိမ်းသဖြင့် အတော်များများ မျက်စိလည်ကြသည်။ သို့သော် (ဗကပ) နှင့် (ဗကသ) မျက်စိမလည်။ ဆန့်ကျင်အန်တုသည်။ '၇ ရက်ဇူလိုင်' အရေးအခင်းဖြစ်သွားသည်။ မိမိတို့ အဆုံးအရှုံးများပါသည်။ နေဝင်းစစ်အုပ်စုလည်း လိပ်ပြာမသန့် တုန်လှုပ်သွားသည်။ ထို့ကြောင့် ၁၉၆၃ စေ့စပ်ဆွေးနွေးပွဲ ခေါ်ရသည်။ ထိုအခါကစပြီး ဗမာပြည်ကွန်မြူနစ်ပါတီအတွက် နိုင်ငံတကာ့ဖိအား – နိုင်ငံတကာ့စိတ်ဓာတ်ရေး အကူအညီ တစုံတရာ ရသည်။ မျက်မှောက်ကာလတွင်ရနေသော ဖိအားတွေ၊ အကူအညီတွေနှင့်စာလျှင် ဘာမှမဖြစ်လောက် ပါ။ သို့သော် ဗကပ အတွက်ကား အလှည့်အပြောင်းကြီး ဖြစ်သည်။

တရုတ်ပြည်တွင် 'ယဉ်ကျေးမှုတော်လှန်ရေး' ဖြစ်နေစဉ် နေဝင်း တကွက်မှားသွားသဖြင့် စိတ်ဓာတ်အရသာမက ရုပ်ဝတ္ထု ့အကူအညီပါရသည်။ တရုတ်ပြည်တွင် ကွန်မြူနစ်တို့ အာဏာရပြီးကတည်းက မည်သည့်အကူအညီ၊ မည်သည့် ဖိအားမျှ မရှိရာက ရှိလာခြင်းဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ကြိုဆိုစရာပါ။

သို့သော် – အကောင်းထဲတွင် အဆိုးပါမြဲဓမ္မတာအရ မိမိတို့အတွင်းတွင် ဆန္ဒစွဲအမှားကို ပေါ်စေပါသည်။ ထိုစဉ်ကစပြီး ပါတီ၏ စာစောင်တိုင်း၊ ဥက္ကဋ္ဌမိန့်ခွန်းတိုင်းတွင် 'နိုင်ငံတကာ့အခြေအနေ ကောင်းသည်'။ ထို့ကြောင့် ပြည်တွင်းအခြေအနေလည်း ကောင်းသည် ဆိုတာပါလာသည်။ တကယ့်ဘဝတွင်ကား ပြည်တွင်းအခြေအနေ မကောင်းပါ။ ပထမ အာဏာသိမ်းပွဲ ၁၉၅၈ – ၆၀ ၏ ဒဏ်ကိုခံစားနေရဆဲဖြစ်သည်။

ခေါင်းဆောင်များ 'ဆန္ဒစွဲ' ဖြစ်သော်လည်း အောက်ခြေတပ်ထု – အခြေခံလူထုက ဘဝပေးအသိအရ အမြင်မှန်ပါသည်။ သူတို့က 'နိုင်ငံတကာ့အခြေအနေ ကောင်းတယ်။ ဒါပေမဲ့ တို့အခြေအနေက မကောင်းဘူး၊ ထမင်းငတ်တယ်၊ ပြေးနေရတယ်' ဟု ပြောကြပါသည်။

တပြေးတည်းပြေးနေရသူ၊ ထမင်းငတ်တလှည့် ပြတ်တလှည့်ဖြစ်နေသူများက အကောင်းမမြင်တာ မဆန်းပါ။ သို့သော် ခေါင်းဆောင်စုက ဆန္ဒစွဲဖြစ်မြဲဖြစ်ပါသည်။ အတိုချုပ်ရလျှင် 'ပါတီတွင်းတော်လှန်ရေး' လုပ်ပါသည်။ 'မပြတ်သားတဲ့ ခေါင်းဆောင်တွေကြောင့် အောင်ပွဲမရတာ' ဟုဆိုပြီး အထွတ်အထိပ်အမှားကိုလုပ်ပါသည်။ ပါတီတွင်းသာသုံးသည့် 'အတွင်းပိုင်းဝေါဟာရ **(jargon)** ပြုဖတ်ထုတ်သတ်' ဆိုတာလုပ်ပါသည်။ လက်နက်ချများကတဆင့် ရန်သူသိသွားသောအခါ ထိုဝေါဟာရ တပြည်လုံးပြန့်ပါသည်။ ပါတီ၏ဂုဏ်သိက္ခာ အလွန်အမင်းထိခိုက်နစ်နာပါသည်။

ဆန္ဒစွဲဆိုတာ ခေါင်းဆောင်များတွင်ဖြစ်တတ်ပြီး လူထုက ဆန္ဒစွဲမဖြစ်တတ်ပါ။ ဆန္ဒစွဲအမှားသည် ကြာလာသောအခါ လက်တွေ့ကျင့်သုံးသောအခါ ကိုယ့်အားကိုယ်ကိုးအခြေခံကို လှိုက်စားပစ်ပါသည်။ အမှီမရှိလျှင် ရပ်တည်ဖို့ပင်ခက်သည့်ဘဝ ရောက်စေပါသည်။ ကိုယ့်အလုပ်၊ ကိုယ့်အကျိုးစီးပွားနှင့် မဆိုင်သောကိစ္စများတွင် ဝင်ပါရတတ်ပါသည်။

ယခုအခြေအနေ ကြည့်ပါ။ နိုင်ငံတကာ့အခြေအနေကောင်းသည်ဟု ပြောကြပါသည်။ သို့သော် လူထုဘဝက မကောင်းပါ။ ကြာလေဆိုးလေဖြစ်နေသည်။ ကယ်သူမဲ့သလို ခံစားနေရသည်။ ထိုအထဲတွင် တခါတလေ 'ကိုယ့်ထိုက်နဲ့ကိုယ်ခံရတာ ခံကြစမ်း' 'လူထုက သတ္တိမရှိဘူး' ဆိုသော နိုင်ငံခြားသား 'ပါရဂူ' အမည်ခံများ၏ သံယောင်လိုက်ကာ အပြောခံရသောအခါ သူတို့ခမျာ အသည်းဆတ်ဆတ်နာကြသည်။ ဒေါ်အောင်ဆန်းစုကြည်အပေါ် ကယ်တင်ရှင်အဖြစ် သဘောထားအားကိုးခဲ့ကြသည်။ 'ဒီပဲယင်း' တွင် 'နတ်နေကိုင်းအချိုင်ခံရ' သောအခါ စိတ်ဓာတ်တွေ ဒလဟောထိုးကျကြသည်။

ထိုအထဲတွင် ပြည်ပကနေပြီး အမေရိကန်၏ဆိုင်ရှင် **(sanction)** ပြီးလျှင် အမေရိကန်၏ ကယ်တင်ရှင်တပ်ကြီးလာတော့မလို လို လေသံပစ်သောအခါ ဆန္ဒစွဲက လူထုတစိတ်တပိုင်းသို့ပါ ကူးလာသည်။

နအဖ က NC လုပ်မည်ဆိုသောအခါ 'သပိတ်မှောက်ကြ' ဟု အကြံပေးကြပြန်သည်။ NC ဆိုတာ ဖိတ်ချင်သူဖိတ်သည်။ တက်ချင်တာ မတက်ချင်တာနဲ့မဆိုင်၊ ချောဆွဲတက်ခိုင်းတာဖြစ်သည်။ အမိန့်ပေးဆင့်ခေါ်ပြီး ကျင်းပလို့ရတာကို မေ့နေကြပုံပေါ်သည်။ စစ်အုပ်စုက 'မထူးဇာတ်ခင်း' နေတာ သတိမူမိပုံမရကြ။

အလုပ်သမားကိုယ်စားလှယ်၊ တောင်သူလယ်သမားကိုယ်စားလှယ်၊ ကုန်သည် – လုပ်ငန်းရှင် – အတတ်ပညာရှင်စသည့် ကိုယ်စားလှယ်ဆိုတာများကိုလည်း လက်သင့်ရာခေါ်ပြီး တက်ခိုင်းလို့ရသည်။ NC ၏ အနှစ်သာရက ချမှတ်ပြီးဖြစ်သည်။ နအဖ လိုချင်တာက သဏ္ဌာန်သာဖြစ်သည်။ အနှစ်သာရပြောင်းအောင် မိမိတို့လုပ်ကြရဦးမည်။

၁၅ နှစ်ရှိလို့မှ ဘာမှဖြစ်မလာတာကြောင့် လူထုက နိုင်ငံရေး စိတ်ကုန်ခန်းစပြုနေတာကို ပြန်လည်နိုးကြားလာအောင်လုပ်ရလိမ့်ဦးမည်။ လူထုလိုက်နိုင်သည့်အဆင့်အထိ ဆင်းပြီးတွဲခေါ်ကြရမည်။ နိုင်ငံခြားတွင်လုပ်နိုင်တာကို ပြည်တွင်းတွင် မလုပ်နိုင်တာ ထည့်မတွက်ကြလျှင် ခေါင်းဆောင်နှင့်လူထု ၂ ဘက်ကင်းကွာသွားမှာစိုးပါသည်။ ဒါကြောင့် သပိတ်မှောက်တာ – အချက်အလက်နဲ့ NC တက်ဖို့လုပ်တာ – ဥပေက္ခာအပြုပခံထားရသည့် အင်အားစုများက ငါတို့လည်းတက်ချင်တယ်လို့ တောင်းဆိုတာ နည်းမျိုးစုံလုပ်ဖို့ ၂၁/၂၀၀၃ က တင်ပြခြင်းဖြစ်သည်။

၃။ **ဗမာပြည်၏ နိုင်ငံရေးသက်တံရောင်** ဗမာပြည်နိုင်ငံရေးတွင် ထူးခြားချက်ရှိသည်။

(က) 'ဥပဒေတွင်း' အုပ်စုကြီး

(ခ) 'ဥပဒေတွင်းတပိုင်း – အပြင်တပိုင်း' အုပ်စုကြီး

(ဂ) 'ဥပဒေပြင်ပ' မှ အုပ်စုကြီး ဟူ၍ အုပ်စုကြီး (၃) ခုရှိသည်။ အုပ်စုကြီးတိုင်းတွင် အဖွဲ့အစည်းတွေ၊ ပါတီတွေ အများကြီးပါသည်။

ထိုနိုင်ငံရေးအင်အားစုများ၏ ရပ်တည်မှု၊ အကျိုးစီးပွား၊ တိမ်းညွတ်မှု၊ စိတ်ဝင်စားမှု မည်သို့မျှမတူနိုင်ပါ။ ဥပဒေတွင်းဟုတ်မဟုတ် 'စည်း' ဖြင့်ခွဲတာပင်လျှင် ဤမျှများနေပြီ။ 'စံ' ဖြင့်ခွဲလျှင် အများကြီးကွဲလိမ့်မည်။

အမေရိကန်အပေါ် သဘောထား၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း အပေါ် သဘောထား စသည့် 'စံ' များဖြင့်ခွဲလျှင် တမျိုးဖြစ်မည်။

NC ကို သပိတ်မှောက် မမှောက် 'စံ' ဖြင့်ခွဲလျှင် ခက်ကြလိမ့်မည်။ ဒါကို 'ဆန်တုတ်တိုက်ချ' သည့်နည်းဟု ဗကပ က ယူဆသည်။ NLD ပင်လျှင် ကွဲသွားစရာရှိသည်။ 'NLD က NC (အဟောင်း)ကို သပိတ်မှောက်ထွက်ခဲ့သည်' ဟူသော အပြောကိုပင် လက်မခံချင်သူတွေ NLD ထဲမှာ ရှိသည်။

နိုင်ငံရေးအင်အားစုတိုင်းတွင် ကိုယ်စီရပ်တည်ချက်၊ အကျိုးစီးပွားနှင့် စိတ်ဝင်စားမှု ရှိကြပါသည်။ မည်သို့မျှ ချွတ်စွပ်မတူနိုင် ကြပါ။ တူတာရှိမည်။ မတူတာရှိမည်။ ဒါကို အသိအမှတ်ပြုပ အပြန်အလှန်လေးစားကြမှ အင်အားကြီးတခုကို စုစည်းမိမည်။ စည်းလုံးနိုင်သမျှအင်အား အားလုံးစုစည်းနိုင်ဖို့ လိုနေချိန်ဖြစ်သည်။

NC နှင့်ပတ်သက်ပြီး ဆန်တုတ်တိုက်ချသလို သပိတ်မှောက်သူက မဟာမိတ်၊ သပိတ်မမှောက်သူက နအဖဘက်သားဟု ပြောနေကြလျှင် စစ်အုပ်စုကို လူစုပေးသလိုဖြစ်ပါလိမ့်မည်။

၄။ **ပြဿနာအခြေခံက အာဏာပြဿနာဖြစ်သည်** ဗဟိုအစိုးရအာဏာကို တောင်းဆိုပိုင်ခွင့်ရှိတာ NLD သာဖြစ်သည်။ တခြားမည်သည့်ပါတီမျှမရှိ။ ထို့ကြောင့် နအဖ က NLD ကိုပဲဦးတည်သည်။ တခြားအင်အားစုတွေကို 'ကြား' ထားချင်သည်။ နအဖ က စေ့စပ်ချင်သည်ဟုပြောနေတာ KNU တခုတည်းမဟုတ်။ အားလုံးနှင့် စေ့စပ်ချင်နေတာဖြစ်သည်။ 'ငြိမ်း' အဖွဲ့တွေက '၅ ချက်' '၃ ချက်' မူတင်လာသောအခါ ခေါ်စေ့စပ်သည်။ စေ့စပ်ဖို့ကမခက်၊ သူတို့က 'ဗဟိုအာဏာ' ကိုတောင်းနိုင်သူများ မဟုတ် ။ လွှန်ရောကျွံရော ဒေသန္တရအာဏာပဲတောင်းနိုင်သည်။ NLD ဘက် ပါမသွားဖို့ပဲအရေးကြီးသည်။

NC, Rf စီမံကိန်းက ရာသက်ပန်အာဏာမြဲရေးဖြစ်သည်။ စစ်အုပ်စုက အာဏာလောဘကြီးသည်။ မကြီးလို့လည်း မဖြစ်။ တိုက်ရာပါပစ္စည်း (တိုင်းပြည်ထံမှ တိုက်ယူသောပစ္စည်း) အထက်ကချည်း ခွစားနေ၍မဖြစ်၊ ဒေသန္တရအာဏာပိုင်များကိုပါ ခွဲဝေပေး ရသည်။ ထိုအခါတွင် တိုင်းရင်းလူမျိုးစု နိုင်ငံရေးအင်အားစုများနှင့် ပဋိပက္ခဖြစ်ရသည်။ နိုင်ငံရေးအခြေခံ၊ နိုင်ငံရေး ရပ်တည်ချက်၊ နိုင်ငံရေး အမြင်ရှိသည့် တိုင်းရင်းသားအင်အားစုတိုင်းနှင့် အတိုက်အခံဖြစ်ရသည်။

ပါတီက ရဲဘော်ဟောင်း၊ မိတ်ဆွေဟောင်းများကို နိုင်ငံရေးစင်မြင့်ပေါ် တင်ပေးနေတာကြာပြီ။ ယခု တက်လာကြပြီ။ နောက်ဆုတ်မသွားဖို့ ပါတီက အကြံပေးနေသည်။

ပန်ဆန်းဆုံးဖြတ်ချက် ၅ ရပ်၊ K (၂) K ၏ ဆုံးဖြတ်ချက် (၃) ရပ်ကို ပါတီက ကြိုဆိုသည်မှာ သူတို့နိုင်ငံရေးစင်မြင့်ပေါ် တက် လာတာကို အားပေးခြင်းဖြစ်သည်။ ရှမ်းပြည်အရှေ့ပိုင်း အခြေအနေနှင့် ကချင်ပြည်နယ် အခြေအနေချင်းမတူ၍ ဆုံးဖြတ်ချက် ပါ အချက်များ ကွဲသော်လည်း အနှစ်သာရအားဖြင့် NC ကို ‘အချက်အလက်’ ဖြင့် တက်ရေးဖြစ်သည်။

စစ်ပြေ ‘ငြိမ်း’ ရေးအဖွဲ့များကို သပိတ်မမှောက်ရကောင်းလားဟု အပြစ်တင်လျှင် သူတို့၏အခြေအနေကို နားမလည် ရာကျ သည်။

CRPP ပေါ်တုန်းက ရှမ်းပြည်တောင်ပိုင်းမှ ‘ငြိမ်း’ အဖွဲ့များက ကြိုဆိုခဲ့သည်။ သူတို့က တိုင်းပြည်၏အတွင်းပိုင်းတွင် အခြေခံရပြီး အင်အားလည်းနည်းသဖြင့် စစ်အုပ်စုက “နိုင်ငံရေး ဝင်မရှုပ်နဲ့ စီးပွားရေးပဲဇောက်ချလုပ်ကြ၊ စစ်ပြန်တိုက်ဝံ့ရင်တိုက် – ရှုပ်ရှုပ် – ရှုပ်ရှုပ်တော့ မလုပ်နဲ့” ဟု ခြိမ်းခြောက်ခံရသည်။ သူတို့ နောက်ဆုတ်ပေးကြရသည်။

နယ်စပ်မှအားကြီးသော “ငြိမ်းအဖွဲ့” များက ဆုံးဖြတ်ချက် ၅ ရပ်၊ ၃ ရပ် ချသောအခါတွင်ကား ထိုသို့ မခြိမ်းခြောက်ဝံ့၊ ခေါ်ပြီး အပျော့ဆွဲဆွဲနေတာ တွေ့ရသည်။

NC အဟောင်းတုန်းက NLD က ကျင်းပပုံကျင်းပနည်းပြင်ရမည်ဟု ပြောခဲ့တာနှင့် ယခု ဆုံးဖြတ်ချက် ၅ ရပ်၊ ဆုံးဖြတ် ချက် ၃ ရပ် စသည်တို့ သဘောချင်းတူကြသည်။ ပို၍ပင် တိတိကျကျရှိတာတွေ့ရသည်။

NLD က NC အဟောင်းကို သပိတ်မှောက်ထွက်လာခဲ့တာမဟုတ်ဟု တခါက တရားဝင်ဖြေရှင်းတာ ကြားလိုက်ဖူး သည်။ NC အသစ်နှင့်ပတ်သက်၍ကား သဘောထားထုတ်ပြန်နိုင်သည့် အခြေအနေမရှိသေး။ တနေ့တွင်ရှိလာလိမ့်မည်ဟု ထင်သည်။ ထိုအချိန်အထိ စောင့်ကြည့်ကြရဦးမည်။ NLD ၏ သဘောထားသည် အခရာအကျဆုံးဖြစ်သည်ဟု ပါတီကယူဆ သည်။

၅။ **NLD ၏အခန်း** စစ်အစိုးရက မည်သို့ပင် အကြမ်းဖက်နှိမ်နင်းသည်ဖြစ်စေ NLD ၏ အခန်းကိုဖျက်ပစ်၍မရ။ ၁၉၉၀ ရွေးကောက်ပွဲ ရလဒ်အပေါ် ၊ CRPP ဆုံးဖြတ်ချက်များအပေါ် လူထုကိုပေးခဲ့သည့်ကတိများအပေါ် သူတို့သစ္စာရှိရပါလိမ့်မည်။ NLD ၏ အခန်း ရှိမြဲရှိနေပါသည်။

ပုံမှန် NC နိုင်ငံတကာ့စံချိန်မီ NC ဖြစ်အောင် NLD က တိုက်ပွဲဝင်လိမ့်မည်ဟု ပါတီကမျှော်လင့်သည်။ ထိုသို့ တိုက်ပွဲ ဝင် လာလျှင် အင်တိုက်အားတိုက် ထောက်ခံအားပေးမည်ဖြစ်သည်။

ပုံပျက်ပန်းပျက် NC ကို NLD က ဦးဆောင်တိုက်ပွဲဝင်ရာတွင် နိုင်ငံရေးအင်အားစုတိုင်းက ကိုယ့်စစ်မျက်နှာမှနေပြီး ကိုယ့်အခြေအနေအရ တိုက်ပွဲဝင်လာကြစေဖို့ ပါတီက လုပ်နေခြင်းဖြစ်ပါသည်။ NLD က ‘မြင်းတစီး ဓားတလက်’ ဖြင့် တိုက်ပွဲဝင် လို့ မဖြစ်ပါ။ အင်နှင့်အားနှင့်တိုက်ရပါမည်။ ဒီတချီ နောက်ဆုတ်လို့မရပါ။

ပြီးခဲ့သော NC မှ ချမှတ်ထားသော ဆုံးဖြတ်ချက်များကိုအတည်ပြုပေးဖို့ နအဖ က တင်လာလျှင် အတွင်းအပြင်ညှပ်ပြီး နည်းမျိုးစုံဖြင့် တိုက်ပွဲဝင်ရလိမ့်မည်။ ‘၁၀၄ ချက်’ ကို မည်သို့မျှ အတည်ပြုပေးလို့မရပါ။

၆။ **လူထု၏အခန်း** ဘာလီ အာဆီယံအစည်းအဝေး၊ ဘန်ကောက် အေပက် (APEC) အစည်းအဝေးပြီးနောက် နိုင်ငံတကာ့ အာဘော်တွေ ပြောင်းလာနေသည်။ လူထု လမ်းမပေါ်မထွက်လျှင် သတ္တိကြောင်သည်ဟု စွပ်စွဲသံကြားလာရသည်။ ‘ကိုယ်နဲ့တန်တဲ့ အစိုးရ ကိုယ်ရနေတာပဲ၊ ကိုယ့်ထိုက်နဲ့ကိုယ့်ကံ ခံကြပေတော့’ ဟူသော ရေဖိတ်စပါး အပြောအဆိုခံလာရသည်။

ဖက်ဆစ်ဆန်သည့် အစိုးရအောက်တွင် လူထုဆန္ဒပြပွဲ လုပ်ချင်တိုင်းလုပ်မရပါ။ အခြားတိုက်ပွဲသဏ္ဌာန်များကစပြီး စဉ်းစားရမည်။ နဝတ၊ နအဖ ကာလသည် မဆလ ကာလနှင့်မတူပါ။ မဆလ ကာလက မဆလပါတီ၊ ပြည်သူ့ကောင်စီ၊ ပြည်သူ့ အလုပ်သမား – ပြည်သူ့လယ်သမား၊ ရှေ့ဆောင်လူငယ်၊ တေဇလူငယ် စသည်ဖြင့် တရားဝင် အဖွဲ့အစည်းများရှိသည်။ ထိုအဖွဲ့ဝင် များပင် လမ်းမပေါ် ထွက်လာကြတာဖြစ်သည်။ (၈၈၈၈) ကာလက ခေါင်းဆောင်အများစုသည် ထိုအဖွဲ့ဝင်များဖြစ်နေတာကို တွေ့ရလိမ့်မည်။ NLD ကိုပဲ ကြည့်ပါ။ မည်သူတွေပါသနည်း။ ‘မျိုးချစ်တပ်မှူးဟောင်း’တွေပါသည်။ သူတို့၏လှုပ်ရှားမှုက အလွန် အရေးပါသည့်အခန်းက ပါခဲ့တာတွေ့ ရမည်။ နေဝင်းကို နောက်ဆုံးပိတ် စိတ်ဓာတ်ကျသွားစေတာ သူတို့ဖြစ်သည်။

ယခုကာလတွင် တပ်မတော်ရှိသည်။ ကြံ့ခိုင်ရေးရှိသည်။ မီးသတ်၊ သူနာပြု စသည်ဖြင့် ‘တရားဝင်’ အဖွဲ့အစည်းများ ရှိနေသည်။ ရှိတာတွေထဲ ထိုးဖောက်စည်းရုံးကြရမည်။

မိမိတို့ စိတ်ရှည်ရမည်။ လူထုကိုစည်းရုံးရမည်။ နိုင်ငံရေးအင်အားစုတွေကို ပြင်ဆင်ရမည်။ ဒါသာလျှင် ကိုယ့်အား ကိုယ်ကိုး လမ်းစဉ်ဖြစ်သည်။ ကိုယ့်အားကိုယ်ကိုးစိတ်ဓာတ် ပျက်လျှင်ကား – ဆန္ဒစွဲအမှားတွေ တသီကြီးပေါ်ဖို့သာရှိသည်။ဆန္ဒစွဲ ကြီးလျှင် မှီခိုနေရသည့်ဘဝ ရောက်ရမြဲ။

(၃ – ၁၂ – ၂၀၀၃)